# မြန်မာ - ဆိုင်ကလုန်း မိုခါ

## အခြေအနေတင်ပြချက်အစီရင်ခံစာ အမှတ်စဉ် (၄)

*၂၀၂၃ ခုနှစ်၊ ဇွန်လ (၈) ရက် မွန်းလွဲ ၂ နာရီအထိ အခြေအနေ*

မိုခါမုန်တိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ OCHA အဖွဲ့က ထုတ်ပြန်ခဲ့သည့် နေ့စဉ်အရေးပေါ်သတင်းအချက်အလက်များ (Flash Updates) ကို ပိုမိုပြည့်စုံသော ဤအစီရင်ခံစာဖြင့် အစားထိုးထုတ်ပြန်သွားမည်ဖြစ်သည်။ ဤ Sit Rep အစီရင်ခံစာကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့ (၇) ခုနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့ခွဲများနှင့် ပူးပေါင်း၍ OCHA အဖွဲ့က ထုတ်ပြန်ပါသည်။ ဤအစီရင်ခံစာပါ လူသားချင်းစာနာမှုလုပ်ငန်းအပိုင်းသည် မြေပြင်တွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုတုံ့ပြန်လုပ်ငန်းအားလုံးကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိဘဲ၊ မိတ်ဖက်အဖွဲ့များက မိမိတို့ဆန္ဒအလျောက် အစီရင်ခံထားသည့်လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ပြလိုပါသည်။ ယခုအခါ ဤ Sit Rep အစီရင်ခံစာများကို အပတ်စဉ်ထုတ်ဝေနေပါသည်။

## အဓိကအချက်အလက်များ



*ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ cash-for-work စီမံကိန်း အစိတ်အပိုင်းအဖြစ် အပျက်အစီးများ ရှင်းလင်းရေးတွင် ပူးပေါင်းပါဝင်နေကြသည့် IDP များ။ ဓါတ်ပုံ - Ben Small/UNDP*

- နေပြည်တော် ဗဟိုအဆင့်တွင် ပြုလုပ်မည့် အစည်းအဝေးများမတိုင်မီတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသို့ လက်ရှိ ထုတ်ပေးထားသော ခရီးသွားခွင့်ပြုမိန့်များ (TAs) အား ယခုအပတ်မှ စတင်၍ ဆိုင်းငံ့လိုက်ခြင်းကြောင့် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအကူအညီများအား ဝင်ရောက်ပေးအပ် နိုင်မှု အခြေအနေ ယိုယွင်းခဲ့ရသည်။
- ရခိုင်ပြည်နယ်မှ မုန်တိုင်းဒဏ်ခံရသည့် မြို့နယ်များသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအား သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေရေးအစီအစဉ်များအတွက် ကနဦးခွင့်ပြုချက်ကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ပြီး၊ နေပြည်တော်အဆင့်တွင် ထပ်မံဆွေးနွေးရန် စောင့်ဆိုင်းနေဆဲ ဖြစ်သည်။ ချင်းပြည်နယ်အတွက် အလားတူ အစီအစဉ်များကိုလည်း ဆိုင်းငံ့ထားရဆဲဖြစ်သည်။
- ပြည်ပမှ ကယ်ဆယ်ရေးပစ္စည်းများဖြင့် ပြန်လည်ဖြည့်တင်းရေးအတွက် တောင်းခံချက်အချို့ကို ခွင့်ပြုထားသော်လည်း၊ သိသာသော ကန့်သတ်ချက်များ ချမှတ်ထားသည်။ အခြား တောင်းခံချက်များအတွက် ခွင့်ပြုချက်များ မရရှိသေးပါ။
- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်များကို ရပ်ဆိုင်းခံရခြင်းကြောင့် ပြည်သူသိန်းပေါင်းများစွာသို့ ဖြန့်ကြက်ရောက်ရှိနေသည့် အကူအညီပေးရေးလုပ်ငန်းများ ရပ်တန့်နေရသည်။
- ယနေ့အထိ၊ ဘေးဒဏ်သင့်ပြည်သူ ၁၁၀၀၀၀ ကျော်သည် ခိုလှုံရာအတွက်ပစ္စည်းများနှင့် အခြားမရှိမဖြစ်သော ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိထားပြီးဖြစ်သည်။
- စားနပ်ရိက္ခာအကူအညီများသည်လည်း ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် ဘေးဒဏ်သင့်ပြည်သူ ၃၀၀၀၀၀ နီးပါးသို့ ဖြန့်ကြက်ရောက်ရှိပြီး ဖြစ်သည်။
- ရခိုင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့များသည် မိသားစုများ စားသောက်ရောင်းချရေးအတွက် စားနပ်ရိက္ခာများထုတ်လုပ်နိုင်ရန် မျိုးစေ့များနှင့် သဘာဝမြေသြဇာများကို ဖြန့်ဝေပေးခဲ့သည်။ ဘေးဒဏ်သင့်ဒေသများအတွက် နောင်လမည့်လများအတွင်း စားနပ်ရိက္ခာ

မလုံလောက်မှုကို ရင်ဆိုင်ဖြေရှင်းရာ၌ အရေးကြီးသည့် စိုက်ပျိုးရေးသွင်းအားစုများကို အရှိန်မြှင့်တင်၍ ထပ်မံဖြန့်ဝေပေးခြင်းကို ယခုအခါတွင် ခေတ္တရပ်ဆိုင်းထားရသည်။

- လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် တုံ့ပြန်ရေးလုပ်ငန်းများတွင် ကလေးသူငယ်များ ကောင်းမွန်စွာ နေထိုင်နိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိရာ၊ ယင်းလုပ်ငန်းများတွင် ရာပေါင်းများစွာသော ယာယီနှင့် ရွေ့လျား ကလေးသူငယ်အကျိုးပြုဌာနများတည်ထောင်ခြင်းနှင့် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် လူဦးရေ ၂၈၀၀၀ နီးပါးသို့ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေးဆိုင်ရာ အရေးကြီးသောသတင်းစကားများ ဖြန့်ဝေပေးခြင်းတို့လည်း ပါဝင်သည်။
- ရခိုင်ပြည်နယ်တွင် အကူအညီလုပ်ငန်းများအား ရပ်ဆိုင်းလိုက်ခြင်းသည် မုတ်သုံရာသီဝင်ရောက်နေပြီဖြစ်သည့် ယခုကဲ့သို့သော အဆိုးဆုံးအချိန်မျိုးတွင် မဖြစ်လာသင့်ပါ။ မုန်တိုင်းသက်ရောက်ဇုန်အတွင်းရှိ ယခင်ဆောင်ရွက်ဆဲလုပ်ငန်းများကို တိုးချဲ့ခြင်း၊ ဒေသအာဏာပိုင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများစွာတို့က ဖြန့်ဝေပေးနေသည့် အကူအညီများကို ထပ်တိုးခြင်းအားဖြင့် ယခုအချိန်တွင် တုံ့ပြန်ရေးလုပ်ငန်းများကို အလျင်အမြန် အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## အခြေအနေသုံးသပ်ချက်

မြန်မာနိုင်ငံတွင် မုတ်သုံရာသီဝင်ရောက်လာပြီဖြစ်ပြီး၊ မေလလယ်ခန့်က တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းကြောင့် နေအိမ်များ ပျက်စီးထိခိုက်ခဲ့ရသည့် ပြည်သူများ၏ လူနေမှုအခြေအနေများကို ထပ်မံဆိုးရွားလာခဲ့သည်။ မုန်တိုင်းကြောင့် ဆိုးရွားစွာ ထိခိုက်ခံခဲ့ရသည့်ဒေသများတွင် မိုးသည်းထန်မှုများနှင့် ရေကြီးမှုအချို့ကို တွေ့ရှိခဲ့ရပြီး၊ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကုန်ဆုံးလုနီးပါးအထိ ကြုံတွေ့ခံခဲ့ရသည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ထပ်မံဟန့်တားနေပါသည်။

ဤနောက်ခံအခြေအနေများရှိနေလျက်ပင် ဝင်ရောက်ကူညီခွင့်  ကန့်သတ်ချက်များ ပိုများလာခဲ့သည်။ နေပြည်တော်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဗဟိုအဆင့်အစည်းအဝေးများမပြုလုပ်မီတွင် ရခိုင်ပြည်နယ်၌ အကူအညီပေးအပ်မှုများကို ပံ့ပိုးပေးနေသည့် လက်ရှိခရီးသွားခွင့်ပြုမိန့်များကို ဆိုင်းငံ့ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများသည် လက်ရှိခရီးသွားခွင့်ပြုမိန့်များကို အသုံးပြုပြီး အကူအညီလိုအပ်နေသည့် ပြည်သူများစွာထံသို့ ဖြန့်ကြက်ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဘေးဒဏ်သင့်ဒေသများမှ လူဦးရေ ၁၁၃၂၀၀ ကျော်သည် ခိုလှုံရာအတွက်ပစ္စည်းများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိခဲ့ပြီး၊ တချိန်တည်းတွင် စားနပ်ရိက္ခာ အကူအညီများမှာလည်း ရခိုင်ပြည်နယ်တစ်ခုတည်းတွင်ပင် လူဦးရေ ၂၉၃၈၀၀ ကျော်ထံသို့ ဖြန့်ကြက်ရောက်ရှိခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် ရွေ့လျားနှင့် ယာယီ ကလေးသူငယ်အကျိုးပြုနေရာ ၂၄၀ ခုကို တည်ထောင်ပေးခြင်းဖြင့် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကလေးသူငယ်များအား စောင့်ရှောက်ပေးနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်နေသည်။ ဤနေရာများသည် ကလေးသူငယ်များအတွက် စိတ်အပန်းဖြေပျော်ရွှင်ရေးလှုပ်ရှားမှုများ လုပ်ဆောင်နိုင်သောဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်များဖြစ်ပြီး၊ ၎င်းတို့ခံစားခဲ့ရသည့် စိတ်ဒဏ်ရာများနှင့် စိတ်ဓါတ်ကျမှုများအတွက် အရေးကြီးသော စိတ္တလူမှုဆိုင်ရာ အထောက်အပံ့များ ကူညီပေးလျက်ရှိသည်။ ခန့်မှန်းခြေအားဖြင့် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့မှ လူဦးရေ ၂၈၀၀၀ ခန့်သည်လည်း ကလေးသူငယ်ဘေးကင်းလုံခြုံရေးဆိုင်ရာ အရေးကြီးသော သတင်းစကားများကို လက်ခံရရှိခဲ့ကြသည်။

လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများသည် လာမည့်ရက်သတ္တပတ်များတွင် အကူအညီပေးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် မျှော်လင့်ခဲ့ကြသော်လည်း၊ ခရီးသွားခွင့်ပြုမိန့်များကို ရပ်ဆိုင်းထားရန် ဗဟိုအဆင့်မှ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းကြောင့် ဤမျှော်လင့်ချက်များ ရပ်တန့်သွားရသည်။ မြို့နယ် ၁၁ ခုတွင် အကူအညီများ ဖြန့်ဝေပေးရေးနှင့် သယ်ယူပို့ဆောင်ရေးအစီအစဉ်များအတွက် ကနဦးခွင့်ပြုချက်ကိုလည်း  ရုပ်သိမ်းခဲ့ပြီး၊ နေပြည်တော်တွင် နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။ ချင်းပြည်နယ်အတွက် အလားတူအစီအစဉ်များလည်း ခွင့်ပြုချက် မရရှိသေးပါ။

အချို့တင်သွင်းခွင့်များကို စည်းကမ်းချက်များဖြင့်ခွင့်ပြုထားပြီးဖြစ်သော်လည်း၊ အခြားတောင်းခံချက်များကို ဆိုင်းငံ့ထားဆဲဖြစ်သည်။ ထောက်ပံ့ရေးပစ္စည်းများအား ပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် အခြေအနေနှင့် လိုက်လျောညီထွေစွာ တင်သွင်းခွင့်များချမှတ်ပေးရန် အရေးကြီးပါသည်။ မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အချိန်နှင့်တပြေးညီ ဝယ်ယူနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့် ထောက်ပံ့မှုများကိုလည်း

အရေးတကြီးလိုအပ်နေပါသည်။ ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြသည့်စနစ် (Financial Tracking System- FTS) ၏ အချက်အလက်များအရ ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်ဒေသများတွင် မိုခါမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရသည့် လူဦးရေ ၁.၆ သန်းအား အကူအညီပေးရန် တောင်းခံထားသော အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၃ သန်းအနက် ဇွန်လ ၆ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၈ သန်းကို ထပ်တိုးရန်ပုံငွေအဖြစ် လက်ခံရရှိပြီးဖြစ်သည်။

## လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ

### အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် ထိခိုက်ပျက်စီးသွားသော ပညာရေးအခြေခံအဆောက်အဦများ ပြန်လည်ပြုပြင်ရန်နှင့် ပြန်လည်တည်ဆောက်ရန်လည်းကောင်း၊ ဆရာများနှင့် ကျောင်းသားများအတွက် သင်ကြားရေးပစ္စည်းများ ထောက်ပံ့ပေးရန်လည်းကောင်း အရေးတကြီးလိုအပ်ချက်များ ရှိနေသည်။
- ကွင်းဆင်းလေ့လာမှုများအရ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် စာသင်ကျောင်း ၁၈ ကျောင်းနှင့် ယာယီသင်ကြားရေးဌာန (TLSs) ၅၀ ခုတို့ လုံးဝပျက်စီးခဲ့သည်။
- စစ်တွေမြို့နယ်ရှိ သက္ကေပြင်ရိုဟင်ဂျာကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းအား မိုးရာသီတွင် အသုံးပြုနိုင်ရေးအတွက် အမိုးများကို အရေးတကြီးပြုပြင်ရန်လိုအပ်နေသည်။ ကျောင်းသား/သူများသည် လတ်တလောတွင် အမိုးမရှိဘဲ ကျောင်းတက်နေကြရသည်။ ဤကျောင်းသည် ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ရိုဟင်ဂျာကျောင်းသား/သူများတက်ရောက်နိုင်သည့် အထက်တန်းကျောင်း အနည်းငယ်သာရှိသည့်အနက် တစ်ကျောင်းဖြစ်သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ကလေး၊ ခင်ဦး၊ တမူး၊ စလင်း၊ ပခုက္ကူ၊ ကနီ၊ ကန့်ဘလူ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ဆော၊ ပေါက်နှင့် မြိုင်မြို့နယ်များမှ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကျောင်းအဆောက်အဦများအတွက် အမိုးပြားများထောက်ပံ့ရန်၊ ကျောင်းတွင်း အိမ်သာများအပါအဝင် WASH အဆောက်အဦများအား ပြန်လည်ပြုပြင်ရန်နှင့် သင်ကြားရေးပစ္စည်းများ ထောက်ပံ့ပေးရန်အတွက် အရေးတကြီးလိုအပ်ချက်များရှိနေသည်။
- ချင်းပြည်နယ်တွင်၊ ဖလမ်းမြို့နယ်မှ ကျောင်းတစ်ကျောင်း လုံးဝပျက်စီးခဲ့ပြီး၊ အခြား ကျောင်း ၅ ကျောင်းမှာ ထိခိုက်မှုများ ရှိခဲ့သည်။ ထိခိုက်ခဲ့သော ကျောင်းအတွက် အမိုးပြားများထောက်ပံ့ပေးရန်၊ WASH အဆောက်အဦများကို ပြင်ဆင်ရန်နှင့် ပညာသင်ကြားရေးပစ္စည်းများကို ထောက်ပံ့ပေးရန် အရေးတကြီးလိုအပ်နေကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။
- ကချင်ပြည်နယ်တွင်၊ ဝိုင်းမော်မြို့နယ် ရှအစ်ယန်စခန်းရှိ မုန်တိုင်းဒဏ်သင့် ကျောင်းသား/သူများအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သင်ကြားရေးဆိုင်ရာ ရင်းမြစ်များ ရှိနေစေရေးအတွက် ပညာသင်ကြားရေးပစ္စည်းများ လိုအပ်နေသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် ပညာရေးအစုအဖွဲ့၏မိတ်ဖက်အဖွဲ့များက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည် -
  - မိတ်ဖက်အဖွဲ့တစ်ဖွဲ့က စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် ကျောင်းအပ်နှံရေးကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ကျောင်းသား/သူ စုစုပေါင်း ၆၇၃၃ ဦး (ကျောင်းသား ၃၅၃၈ ဦးနှင့် ကျောင်းသူ ၃၁၉၅ ဦး) သို့ လွတ်လပ်စွာသင်ကြားရေးစနစ်အတွက် ပစ္စည်းများကို စတင်ဖြန့်ဝေပေးခဲ့သည်။
  - မိတ်ဖက်အဖွဲ့များသည် စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာ IDP စခန်းများတွင် ကာလတိုအကြိုတန်းများအတွက် ကျောင်းသား/သူသုံးပစ္စည်း ၁၀၀၀ စုံကို ဖြန့်ဝေရန် ပြင်ဆင်နေသည်။ ထို့အပြင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ စာသင်ကျောင်း ၂၀ နှင့် ဘူးသီးတောင်မြို့နယ်မှ ယာယီသင်ကြားရေးဌာန (TLS) ၅၀ ခုတို့ကို ပြန်လည်ပြင်ဆင်ရန် စီစဉ်နေသည်။ ဤသင်ကြားရေးဌာနများကိုလည်း လိုအပ်သည့် ကျောင်းသုံးပရိဘောဂများဖြင့် ထောက်ပံ့ပေးမည်ဖြစ်သည်။
- ချင်းပြည်နယ်တွင် ပြည်နယ်ပညာရေးဌာနက တီးတိန်၊ ဖလမ်း၊ မတူပီနှင့် ပလက်ဝမြို့နယ်များရှိ အစိုးရကျောင်းများသို့ အရေးပေါ်သင်ကြားရေးပစ္စည်း (ELP) ၂၁၈၆ စုံနှင့် ခေါင်မိုး ၂၄၀၀ ချပ်တို့ကို ဖြန့်ဝေရန် စီစဉ်နေသည်။ ဤပစ္စည်းများကို ပညာရေးအစုအဖွဲ့၏

မိတ်ဖက်အဖွဲ့များက ချင်းပြည်နယ် ပညာရေးဌာနသို့ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ ပညာရေးမိတ်ဖက်အဖွဲ့များသည် ဟားခါးမြို့နယ်ရှိ ရပ်ရွာကျောင်းများအတွက်လည်း ELP ပစ္စည်း ၂၀၀၀ စုံနှင့် ခေါင်မိုး ၂၀၀၀ တို့ကို ဖြန့်ဝေပေးရန် ထပ်မံစီစဉ်နေသည်။

- အနောက်မြောက်ပိုင်းဒေသတွင် မိတ်ဖက်အဖွဲ့များက အောက်ပါတုံ့ပြန်ရေးလုပ်ငန်းများကို ဤရက်သတ္တပတ်အတွင်း ဆောင်ရွက်နေဆဲဖြစ်သည် -
    - မိတ်ဖက်အဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးမြို့နယ်နှင့် တမူးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် စလင်းမြို့နယ်နှင့် ပခုက္ကူမြို့နယ်များရှိ ရပ်ရွာကျောင်းများသို့ အရေးပေါ်သင်ကြားရေးပစ္စည်း (ELP) ၇၄၄၀ စုံနှင့် နေအိမ်တွင်သင်ကြားရေးပစ္စည်း (HBL) ၄၄၇၂ စုံတို့ကို ဖြန့်ဝေပေးနေသည်။
    - စစ်ကိုင်းတိုင်းဒေသကြီးမှ ခင်ဦး၊ ကနီ၊ ကန့်ဘလူ၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီးမှ ဆော၊ ပေါက်နှင့် မြိုင်မြို့နယ်များတွင် အရေးပေါ်သင်ကြားရေးပစ္စည်း (ELP) ၇၅၀၀ စုံ၊ နေအိမ်တွင်ပင် သင်ကြားရေးပစ္စည်း (HBL) ၇၅၀၀ စုံနှင့် ခေါင်မိုး ၁၈၄၆ ချပ်တို့ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။
- ကချင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့တစ်ဖွဲ့က ဝိုင်းမော်မြို့နယ်၊ ရှအစ်ယန်စခန်းမှ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကျောင်းများ၏ အခြေခံအဆောက်အဦ ပြန်လည်ပြုပြင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၆၀၀၀ ထောက်ပံ့မည်ဖြစ်ပြီး၊ ကျောင်းများတွင် WASH လုပ်ငန်းများကိုလည်း ပြုလုပ်သွားပါမည်။

### ကွာဟချက်များနှင့်အကန့်အသတ်များ

- မုန်တိုင်းကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် များပြားလှသောအပျက်အစီးပုံများက ကြီးမားသောပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေပြီး၊ စာသင်ကျောင်းများအား ပြန်လည်ပြင်ဆင်ခြင်းနှင့် ကျောင်းပြန်ဖွင့်ခြင်းတို့ကို နှောင့်နှေးစေသည်။ အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်နေခြင်းနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (EO) ကဲ့သို့သော ထပ်တိုး အန္တရာယ်များကြောင့် ဤပြဿနာကို ပိုဆိုးစေပါသည်။
- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်များအား ကန့်သတ်လိုက်ခြင်းသည် ကျောင်းစာသင်နှစ် စတင်လာသည်နှင့်အမျှ လိုအပ်ချက်များကို ဆောလျင်စွာ ထောက်ပံ့ပေးရန် ကြိုးစားနေသည့် ပညာရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို အကန့်အသတ် ဖြစ်စေသည်။ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် ယာယီသင်ကြားရေးဌာန (TLSs) ၄၆ ခုနှင့် ကျောင်းပြင်ပပညာရေးဌာန ၁၃ ခုတို့ကို တည်ဆောက်ပေးမည့် မိတ်ဖက်အဖွဲ့တစ်ဖွဲ့ကလည်း ခွင့်ပြုချက်စောင့်ဆိုင်းနေဆဲဖြစ်သည်။
- သင်ကြားရေးဆိုင်ရာ အခြေခံအဆောက်အဦများအား လျင်မြန်စွာပြန်လည်တည်ထောင်နိုင်ရေးကို ကူညီရန်အတွက် ရန်ပုံငွေနှင့် ပစ္စည်းများ အဆောတလျင် လိုအပ်နေပါသည်။ ဘေးဒဏ်သင့်ဒေသများတွင် သင်ကြားရေးပစ္စည်းများ ထောက်ပံ့ပေးရန်မှာ အဓိက လိုအပ်ချက်ဖြစ်နေသည်။

## စားနပ်ရိက္ခာဖူလုံရေး

### လိုအပ်ချက်များ

- စားနပ်ရိက္ခာဖူလုံရေးအစုအဖွဲ့သည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများအတွက် လူဦးရေတစ်သန်းကို ဦးတည်ကူညီရန် အမေရိကန်ဒေါ်လာ ၇၄.၆ သန်း လိုအပ်ပါသည်။ ဤလူဦးရေတွင် မိုခါမုန်တိုင်းမဝင်ရောက်မီကပင် စားနပ်ရိက္ခာအကူအညီအပေါ် မှီခိုနေကြရသည့် နေရပ်စွန့်ခွာသူများနှင့် အလွန်အမင်းထိခိုက်လွယ်သူ ၃၆၀၀၀၀ ဦးပါဝင်သည်။ အခြားသူများမှာ ထပ်တိုးအကူအညီများကို လိုအပ်နေသူ နောက်ထပ် ၁၀၀၀၀၀ ဦးနှင့် မုန်တိုင်းကြောင့် ဆိုးရွားသောစားနပ်ရိက္ခာအခက်အခဲကြုံတွေ့နိုင်ခြေရှိကာ ဝင်ငွေရနိုင်သည့် အလုပ်အကိုင်သို့မဟုတ် အခြားအခွင့်အလမ်းများကို ရရှိရန် အကန့်အသတ်ရှိနေသည့် အဆိုးရွားဆုံးထိခိုက်ခံရသော ဒေသများမှ လူဦးရေ ၅၀၀၀၀၀ ဦးတို့ဖြစ်ကြသည်။
- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းကဏ္ဍများအပေါ် မုန်တိုင်း၏ သက်ရောက်မှုများကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သွင်းအားစုများနှင့် ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးခဲ့ရပြီး၊ ရေရှည်တွင် စားနပ်ရိက္ခာဖူလုံရေးအပေါ် ခြိမ်းခြောက်မှုများ ဖြစ်စေသည်။

- အကြမ်းဖျင်းအားဖြင့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခဲ့ရသည့် လယ်ယာမြေများအနက် ၉၂% ခန့်သည် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၉ ခုတွင် တည်ရှိပြီး၊ ကျန်ရှိသော ထိခိုက်လယ်ယာမြေများ (၈ %) မှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်သည်။ ထိခိုက်ပျက်စီးခဲ့သည့် အဓိကသီးနှံများမှာ နှမ်းနှင့် မတ်ပဲ(ပဲတီစိမ်း)တို့ ဖြစ်ကြသည်။ နွေစပါးနှင့် နေကြာသီးနှံစိုက်ပျိုးထားသည့် ဧရိယာ အနည်းငယ်လည်း ထိခိုက်ပျက်စီးခဲ့သည်။
- ရခိုင်ပြည်နယ်မှ မြို့နယ် ၁၀ မြို့နယ်တွင် တိရစ္ဆာန် ၁၃၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အစီရင်ခံထားပြီး၊ အဓိကအားဖြင့် ရသေ့တောင်၊ မြောက်ဦး၊ မောင်တောနှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် အများဆုံးဖြစ်သည်။
- ဈေးကွက်အတွင်းရှိ စားနပ်ရိက္ခာဈေးနှုန်းများ အလွန်မြင့်တက်နေသည်နှင့်အမျှ အိမ်ထောင်စုများလက်ဝယ်ရှိ စားနပ်ရိက္ခာ ပမာဏမှာ ဆက်လက်ကုန်ခန်းလာနေသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ဇွန်လ ၄ ရက်နေ့အထိကာလတွင် WFP သည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရခိုင်ပြည်နယ်တဝန်းလုံးမှ စားနပ်ရိက္ခာအကူအညီလိုအပ်နေသော လူဦးရေ ၂၉၃၈၀၀ ကျော်ကို ဖြန့်ကြက်ကူညီပေးခဲ့သည်။ ဤလူဦးရေအနက် ၁၁၀၀၀၀ ဦးမှာ ယခုမုန်တိုင်းကြောင့် ထိခိုက်ခံရသူများဖြစ်ကြသည်။ IDPs အများစုပါဝင်သည့် ကျန်လူဦးရေ ၁၈၃၈၀၀ ဦးမှာ WFP အဖွဲ့၏ ပုံမှန်ကယ်ဆယ်ရေးအကူအညီရရှိနေသူများဖြစ်ကြပြီး ၎င်းတို့သည်လည်း မုန်တိုင်း၏ သက်ရောက်မှုမှ မလွတ်ကင်းခဲ့ပါ။
- ဇွန်လ ၃ ရက်နေ့အထိ ကာလတွင် ဆန်နှင့် အားဖြည့်ဘီစကွတ်မုန့် စုစုပေါင်း ၄၀၂၇ မက်ထရစ်တန် (စုစုပေါင်းလျာထားချက်၏ ၃၉%) ခန့်ကို ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်ခံပြည်သူများသို့ ဖြန့်ဝေပေးပြီးဖြစ်သည်။
- WFP သည် ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်တို့တွင် ယာယီသိုလှောင်ရုံများအဖြစ် အသုံးပြုရန်အတွက် ရွှေ့လျားသိုလှောင်ရုံငယ်များကို တည်ဆောက်ထားပြီးဖြစ်သည်။ ဤရွှေ့လျားသိုလှောင်ရုံများသည် WFP နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များအတွက် စားနပ်ရိက္ခာပစ္စည်း သိုလှောင်ရုံအဖြစ်လည်းကောင်း၊ လက်လွှဲဖြန့်ဝေသည့် နေရာများအဖြစ် လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။
- မိတ်ဖက်အဖွဲ့များသည် စစ်တွေမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် လာမည့်စိုက်ပျိုးရာသီအတွက် အဓိကရည်မှန်း၍ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍအတွင်း ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ပြင်ဆင်နေပါသည်။
- ကချင်ပြည်နယ်တွင် စားနပ်ရိက္ခာဖူလုံရေးမိတ်ဖက်အဖွဲ့များသည် စိုက်ပျိုးမြေများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရသည့် မန်စီမြို့နယ်ရှိ အိမ်ထောင်စု ၁၅ စုသို့ အရေးပေါ် စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ပေးခဲ့သည်။
- ရခိုင်ပြည်နယ်တွင် မိသားစုများ စားသောက်ရောင်းချနိုင်ရေးအတွက် စားနပ်ရိက္ခာများထုတ်လုပ်နိုင်ရန် မိတ်ဖက်အဖွဲ့များမှ မျိုးစေ့များနှင့် သဘာဝမြေဩဇာများကို ဖြန့်ဝေပေးခဲ့သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် စစ်တွေမြို့နယ်ရှိ ကျေးရွာ ၁၉ ရွာမှ အိမ်ထောင်စု ၆၀၀၀ သို့ ဘက်စုံသုံး ငွေကြေးအကူအညီများ ထောက်ပံ့ရန် အသင့်ဖြစ်နေပြီး၊ ဝင်ရောက်ကူညီခွင့် ရရှိရန် စောင့်ဆိုင်းနေသည်။
- WFP သည် ဘူးသီးတောင်မြို့နယ်၏ မြောက်ဘက်ပိုင်းမှ လူဦးရေ ၁၁၀၀၀ ဦးသို့ အကူအညီများပေးရန် အသင့်ဖြစ်နေပြီး၊ ဝင်ရောက်ကူညီခွင့် ရရှိရန် စောင့်ဆိုင်းနေသည်။
- မိုခါမုန်တိုင်းကြောင့် သိုလှောင်ရုံများစွာလည်း ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းသိုလှောင်ရုံများအား ပြင်ဆင်ရန် ပစ္စည်းများကို ဒေသတွင်းတွင် မရရှိနိုင်သည့်အတွက် မိတ်ဖက်အဖွဲ့များ၏ ထောက်ပံ့ရေးပစ္စည်းများ စုစည်းသိုလှောင်ထားနိုင်စွမ်းကို ထိခိုက်စေသည်။
- စားနပ်ရိက္ခာဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး၊ ဒေသအများစုတွင် မုန်တိုင်းမတိုက်ခတ်မီအချိန်ကထက် မြင့်မားနေဆဲဖြစ်သည်။
- ဒေသခံ CSOs အဖွဲ့များသည် စစ်ဆေးရေးဂိတ်များတွင် တင်းကျပ်သော စိစစ်မှုများစွာ ကြုံတွေ့နေရသဖြင့် အကူအညီဖြန့်ဝေပေးနိုင်စွမ်းကို အကန့်အသတ် ဖြစ်စေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြည်းဖြည်းချင်း ပြန်လည်ပြင်ဆင်နေပြီဖြစ်နေသော်လည်း၊ ယခုအချိန်အထိ စိတ်ချရမှုမရှိသေးသဖြင့် လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများအကြောင်း သိရှိနိုင်ရန် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ဆက်သွယ်ရာတွင် ခက်ခဲနေပါသည်။

## ကျန်းမာရေး

### လိုအပ်ချက်များ

- မုန်တိုင်းကြောင့် ထိခိုက်ခံရသူ ၄၂၉၀၀၀ ဦးခန့်သည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် မရှိမဖြစ်သော ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော ရောဂါများအား အချိန်နှင့်တပြေးညီ တုံ့ပြန်ရေးလုပ်ငန်းများကို အရေးတကြီး လိုအပ်နေသည်။
- ရခိုင်ပြည်နယ်တွင် မြို့နယ်အဆင့်ဆေးရုံများအနက် ထက်ဝက်သည် ထိခိုက်မှုရှိခဲ့သော်လည်း၊ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ဆဲ ဖြစ်သည်။ ဆေးရုံ ၉ ရုံမှာ မီးစက်များကို အလွန်အမင်းမှီခိုနေရပြီး၊ လောင်စာဆီလိုအပ်ချက် မြင့်မားလာသည်။ လမ်းများ ပျက်စီးနေခြင်းနှင့် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုများကြောင့် ဘေးဒဏ်သင့်ပြည်သူများက ကျန်းမာရေးဌာနများသို့ လူကိုယ်တိုင် လာရောက်ကုသရန် အခက်အခဲများရှိနေသည်။ ထို့အပြင်စစ်တွေမြို့နယ်ရှိ IDP စခန်းများမှ ဆေးခန်း ၉ ခုမှာ လုံးဝပျက်စီးသွားခဲ့ပြီး၊ တစ်ခုမှာ တစ်စိတ်တစ်ပိုင်းထိခိုက်ခဲ့သည်။
- ကျေးလက်ကျန်းမာရေးဌာန ၉ ခု (ချင်းပြည်နယ်တွင် ၈ ခုနှင့် မကွေးတိုင်းဒေသကြီးတွင် ၁ ခု) တို့သည် မုန်တိုင်းဒဏ်ခံခဲ့ရသောကြောင့် အဆိုပါဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်နိုင်မှုအပေါ် တိုက်ရိုက်ထိခိုက်စေပါသည်။
- ကလေးသူငယ်များအပါအဝင် လူများတွင် ပြင်းထန်ဝမ်းလျှော (AWD) လူနာများ တွေ့ရကြောင်း အစီရင်ခံမှုများရှိသော်လည်း၊ ရောဂါ ဖြစ်ပွားမှုအခြေအနေမှာ တည်ငြိမ်နေဟန်ရှိသည်။ ဤအခြေအနေက ရေကြောင့်ဖြစ်သော ရောဂါများနှင့် ပိုးမွှားကြောင့်ဖြစ်သော ရောဂါ များ ဖြစ်ပွားလာနိုင်ခြေကို ကြိုတင်ကာကွယ်ရန် အရေးတကြီးလိုအပ်နေကြောင်း မီးမောင်းထိုးပြနေသည်။ ရေကြီးရေလျှံခြင်း၊ သောက်သုံးရေမလုံလောက်ခြင်း၊ သန့်ရှင်းရေးအခြေအနေများနှင့် နေရပ်စွန့်ခွာရမှုများကြောင့် ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာပြီး လူနေမှု အခြေအနေကို ပိုမိုဆိုးရွားစေပါသည်။
- ရခိုင်တွင် လည်ပတ်ဆောင်ရွက်နေသော ရွေ့လျားဆေးခန်းများတွင် အကိုက်အခဲပျောက်ဆေးများ၊ ပဋိဇီဝဆေးများ၊ အရေးပေါ်/ စိတ်ဒဏ်ရာ ကုသရေးပစ္စည်းများအပါအဝင် ဆေးဝါးပစ္စည်းများကို ပြန်လည်ဖြည့်တင်းရန် အရေးတကြီးလိုအပ်နေသည်။
- နာတာရှည်ရောဂါများအတွက် အစားထိုးဆေးဝါးများ၊ သယ်ယူပို့ဆောင်ရေးနှင့် လူနာလွှဲပြောင်းပေးခြင်းတို့ကို ထောက်ပံ့ပေးရန်အတွက် ငွေကြေးအကူအညီသည် အရေးကြီးပါသည်။ ငွေကြေးအကူအညီရရှိမှသာ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို ဆက်လက်ထောက်ပံ့ပေးနိုင်ပြီး၊ ဘေးဒဏ်သင့်ပြည်သူများကလည်း ကျန်းမာရေးဝန်ဆောင်မှုများကို ဆက်လက်လက်လှမ်းမီ ရရှိနိုင်မည် ဖြစ်သည်။

### တုံ့ပြန်ရေးလုပ်ငန်းများ

- ကျန်းမာရေးမိတ်ဖက်အဖွဲ့များသည် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ် တို့တွင် လူဦးရေ ၁၂၄၂၄ ဦးသို့ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။
- မိတ်ဖက်အဖွဲ့များသည် ပြင်းထန်ဝမ်းလျှောရောဂါ (AWD) လူနာများနှင့် သွေးလွန်တုပ်ကွေးနှင့် ဝက်သက်ကဲ့သို့သော ကပ်ရောဂါအသွင် ဖြစ်လာနိုင်ခြေမြင့်မားသည့် ရောဂါဖြစ်ပွားမှုများကို သတိထား၍ ဆက်လက်စောင့်ကြည့်နေပြီး၊ အများပြည်သူကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို အတည်ပြုရန်နှင့် စုံစမ်းရှာဖွေရန် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် လည်ပတ်ဆောင်ရွက်နေသည့် ကြိုတင် သတိပေးရေးနှင့် တုံ့ပြန်ရေးစနစ် (EWARS) ကိုအသုံးပြု၍ အစီရင်ခံနေသည်။ တချိန်တည်းတွင် ပြည်သူ့ကျန်းမာရေး အရာရှိများ ကလည်း ဘေးဒဏ်သင့်ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုလုံးတွင် ပြင်းထန်ဝမ်းလျှောရောဂါ (AWD) လူနာအရေအတွက်မြင့်တက် လာခြင်းရှိမရှိကို အနီးကပ်စောင့်ကြည့်နေသည်။
- ရခိုင်ပြည်နယ်တွင် ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များသည် စစ်တွေမြို့နယ်မှ IDP စခန်းများ၌ ဆေးခန်းအဆောက်အဦများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သော်လည်း ကျန်းမာရေးဝန်ဆောင်မှုများအား ထိရောက်စွာ ပေးအပ်နိုင်ရေးအတွက် အစားထိုး အဆောက်အဦများကို ရှာဖွေနေသည်။ ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များသည် မိုခါမုန်တိုင်းကြောင့် အထိခိုက်ခံရဆုံးသူများကို ကူညီပေးရန် ဆက်လက် ရည်မှန်းထားပါသည်။ ဘေးဒဏ်သင့်ပြည်သူများ၏ အရေးတကြီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်၏ သွားလာခွင့်ရှိထားသော ဒေသများတွင် ရွေ့လျားနှင့် ပုံသေဆေးခန်းများအား အသုံးပြု၍ တုံ့ပြန်ရေးလုပ်ငန်းများကို တက်ကြွစွာဖြင့် တိုးချဲ့ ဆောင်ရွက်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ကျန်းမာရေးအစုအဖွဲ့သည် အခြေခံကျန်းမာရေးဝန်ဆောင်မှုများ၊ ဖြည့်စွက်ဝန်ဆောင်မှုများအပါအဝင် မရှိမဖြစ်သော ကျန်းမာရေး ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရန်နှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော ရောဂါများအား အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက် ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၃.၁ သန်းကို အရေးတကြီးလိုအပ်ပါသည်။ ဤလုပ်ငန်းများသည် ဘေးဒဏ်သင့်ပြည်သူ ၄၂၉၀၀၀ ဦးသို့ ဖြန့်ကြက်ရောက်ရှိရန် ရည်မှန်းထားသည်။
- ကျန်းမာရေးဝန်ဆောင်မှုများအား ထိရောက်စွာ တိုးချဲ့ပေးအပ်ရန်၊ ရင်းမြစ်များကို ခွဲဝေသုံးစွဲရန်နှင့် ကြိုတင်သတိပေးစနစ်နှင့် ရောဂါ ဖြစ်ပွားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအား ဆောင်ရွက်ရန်အတွက် ဝင်ရောက်ကူညီခွင့်များကို ပိုမိုကျယ်ပြန့်စွာရရှိရန် အရေး ကြီးသည်။ ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များသည် မုန်တိုင်းတိုက်ခတ်ပြီးနောက် သုံးပတ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ယခုအချိန်ထိပင် အဆိုးရွားဆုံး ထိခိုက်ခံခဲ့ရသည့် ဒေသများသို့ ဝင်ရောက်ကူညီရာတွင် ဤအခက်အခဲများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

## အာဟာရ

**လိုအပ်ချက်များ**

- မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် အာဟာရဆိုင်ရာထောက်ပံ့ရေးပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားပြီး ဖြစ် သော်လည်း အာဟာရအတွက် အစာနှင့်ဆေးတိုက်ကျွေးမှု ထောက်ပံ့ရေးပစ္စည်းများနှင့် အာဟာရအားဖြည့်ဆေးများ (micronutrients) ထုတ်ယူသည့် လုပ်ငန်းစဉ်တွင် အခက်အခဲများရှိနိုင်သေးကြောင်း အာဟာရအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များက အစီရင်ခံထားပါသည်။
- အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးရေးအတွက် အာဟာရအားဖြည့်ဆေး များ(micronutrients) ကို ပြည်တွင်းတွင် ဝယ်ယူနိုင်ရန် ထပ်တိုးရန်ပုံငွေများ အရေးတကြီး လိုအပ်လျက်ရှိပါသည်။ ဤကဲ့သို့ ကြိုတင် ကာကွယ်သည့် နည်းလမ်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် အရေးကြီးပြီး မရှိမဖြစ်သောအာဟာရဓါတ်များ ကာလရှည်ကြာစွာ ချို့တဲ့ခြင်းမှ ကာကွယ်ရန် ရည်ရွယ်ပါသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် အာဟာရအစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် အခြားကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဝန်ဆောင်မှု ထောက်ပံ့ရေးနည်းလမ်းများကို တိုးချဲ့နေသည်။ ယနေ့အထိ စိတ်ကျန်းမာရေး၊ စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးရေး (MHPSS) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ရှိအဖွဲ့နှင့် ပူးပေါင်း၍ အာဟာရချို့တဲ့သည့် ကလေးသူငယ်များအား စောင့်ရှောက် ပေးနေသူများအတွက် အဓိကသတင်းစကားများကို ဘက်စုံကုသရေးစင်တာများတွင် အုပ်စုလိုက်ဆွေးနွေးပွဲများပြုလုပ်၍ ဖြန့်ဝေပေး နိုင်ခဲ့သည်။
- ရခိုင်ပြည်နယ်တွင် ကုသရေးစင်တာ ၁၄ ခုအနက် ၉ ခုတွင် လူနာကြည့်ရှုဆွေးနွေးပေးခြင်း၊ အလွန်ပြင်းထန်အာဟာရချို့တဲ့မှု (SAM) ရှိသည့် ကလေးသူငယ်များအတွက် ဆေးဝါးများပုံမှန်ထောက်ပံ့ပေးခြင်း စသည်တို့အပါအဝင် အာဟာရဆိုင်ရာကုသရေးဝန်ဆောင်မှု များကို ထောက်ပံ့ပေးနေပြီး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့ရှိ ရိုဟင်ဂျာစခန်းများတွင် လူနာတစ်ဦးချင်းကို ကြည့်ရှုဆွေးနွေး ပေးပြီးနောက် လိုအပ်သည့် ပစ္စည်းများကို ထောက်ပံ့ပေးနေသည်။ ယနေ့အချိန်အထိ ၅ နှစ်အောက် ကလေးသူငယ် ၃၀၈၀ ဦးနှင့် ပြုစု စောင့်ရှောက်သူ ၃၇၂ ဦးတို့ပါဝင်သည့် လူဦးရေ ၃၄၅၂ ဦးတို့သည် အာဟာရအကူအညီများကို လက်ခံရရှိခဲ့ကြသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ မိတ်ဖက်အဖွဲ့များသည် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုများကို ဆိုးရွားစွာ ရင်ဆိုင်နေရပြီး၊ ကျေးရွာပေါင်း ၂၄ ရွာတွင် အာဟာရဆိုင်ရာသတင်းစကားများကို အုပ်စုလိုက်ဖြန့်ဝေခြင်းနှင့် လူနာကြည့်ရှုဆွေးနွေးပေးခြင်း လုပ်ငန်း များကို ဆက်လက်ဆောင်ရွက်ရန် အဟန့်အတားဖြစ်နေသည်။ သို့ရာတွင် မိတ်ဖက်အဖွဲ့များသည် မိုဘိုင်းဖုန်း ဆက်သွယ်မှုရရှိသည့် ဘေးဒဏ်သင့်ကျေးရွာအချို့အတွက် ဖုန်းဖြင့် လူနာကြည့်ရှုဆွေးနွေးပေးခြင်းအပါအဝင် အစားထိုးနည်းလမ်းများကို ဖြစ်နိုင်သမျှ ရှာဖွေ ဆောင်ရွက်ပေးလျက်ရှိသည်။
- အာဟာရအစုအဖွဲ့သည် မုန်တိုင်းမတိုက်ခတ်မီအချိန်ကပင် အဓိက ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည့် သွေးအားနည်းရောဂါ ဖြစ်ပွားမှု များပြားသော ဒေသများတွင် အာဟာရဓာတ် ကြိုတင်အားဖြည့်ဆေးများ ပြတ်တောက်မှုဖြစ်ပေါ်မည်ကို အထူးပင် စိုးရိမ်နေပါသည်။

- အာဟာရချို့တဲ့မှုရှိနေသော ကလေးသူငယ်များနှင့် ၎င်းတို့အား ပြုစုစောင့်ရှောက်ပေးသူများအတွက် အာဟာရဆိုင်ရာ ကုသရေးနှင့် ကြိုတင်ကာကွယ်ရေးဝန်ဆောင်မှုများကို ပေးအပ်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများအတွက် ခွင့်ပြုချက်များအပါအဝင်၊ ဝင်ရောက်ကူညီခွင့်များရရှိရေးသည် အာဟာရဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် အဓိကအခက်အခဲတစ်ခု အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

## ကာကွယ်စောင့်ရှောက်မှုပေးရေး

**လိုအပ်ချက်များ**

အထွေထွေကာကွယ်စောင့်ရှောက်ရေး

- ရခိုင်ပြည်နယ်တွင် -
  - ဘေးဒဏ်သင့်ပြည်သူများအတွက် ခိုလှုံရာနေရာများ မရှိခြင်း၊ မုန်တိုင်းအလွန် အန္တရာယ်များရှိခြင်း၊ မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (UXOs)၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ ဆုံးရှုံးခြင်းတို့နှင့်အတူ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် အခြေခံဝန်ဆောင်မှုများ ဝင်ရောက်ကူညီခွင့် မရရှိခြင်း၊ သတင်းအချက်အလက်များနှင့် အခြေခံ ဝန်ဆောင်မှုများအား ရယူရာတွင် အကန့်အသတ်ရှိခြင်း၊ ဝင်ငွေရလမ်းကြောင်းများ ဆုံးရှုံးခြင်း၊ သတင်းအချက်အလက်များကို လက်လှမ်းမမီခြင်း စသည်တို့နှင့်ဆက်စပ်ဖြစ်ပေါ်သည့် အခြားသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကြောင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာနေပါသည်။
  - လူနေထူထပ်ကြပ်တည်းခြင်းကြောင့် ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်သည့် နေရာ မရှိခြင်းသည် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုခံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများ ဆက်လက်မြင့်မားနေစေသည်။ ဘေးကင်း၍ အလွယ်တကူရရှိနိုင်သော ရေနှင့် သန့်ရှင်းရေးအဆောက်အဦများကို လုံလောက်စွာ ထောက်ပံ့မပေးနိုင်ခြင်းကလည်း ဤအခြေအနေကို ပိုဆိုးစေသည်။ မီးအလင်းရောင်မရှိခြင်းနှင့် အိမ်သာများကို သီးခြားနေရာများတွင် ထားရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အန္တရာယ်ဖြစ်နိုင်ခြေများကို ထပ်တိုးစေသည်။
  - ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဈေးအများစုမှာ ပြန်ဖွင့်နေပြီဖြစ်သော်လည်း၊ အထူးသဖြင့်စစ်တွေမြို့တွင် စားနပ်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းကဲ့သို့သော မရှိမဖြစ်ပစ္စည်းများ၏ ဈေးနှုန်းများမှာ သိသာစွာမြင့်တက်နေသည်။ အထူးသဖြင့် စားသောက်ကုန်ပစ္စည်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းကြောင့် ပုံမှန်မဟုတ်သော ရွှေ့လျားသွားလာမှုများ/ လူကုန်ကူးမှုများ၊ ကျားမအခြေပြုအကြမ်းဖက်မှု၊ မိမိကိုယ်ကိုသတ်သေမှု/သတ်သေရန်ကြိုးပမ်းမှုနှင့် အသေးစား ရာဇဝတ်မှုများ အပါအဝင် အနှုတ်လက္ခဏာဆောင်သော ဖြေရှင်းရေးနည်းလမ်းများ ပိုများလာဖွယ်ရှိနေသည်။
  - ဘေးဒဏ်သင့်ပြည်သူများအကြားတွင် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် စိတ်ကျန်းမာရေး ကစဉ့်ကလျား ဖြစ်မှုများနှင့် မိမိကိုယ်မိမိသတ်သေရန်ကြိုးပမ်းမှုများ တိုးလာကြောင်းကို ဒေသခံမိတ်ဖက်အဖွဲ့များထံမှ စိုးရိမ်ဖွယ်အစီရင်ခံစာများ ရရှိထားပါသည်။
  - မုန်တိုင်းတိုက်ခတ်ခဲ့သော်လည်း၊ စခန်းပိတ်သိမ်းရန်နှင့် နေရပ်စွန့်ခွာရသူများအား နေပြန်လည်နေရာချထားရန် အစီအစဉ်များကို ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ တချိန်တည်းတွင် ကျောက်တလုံး (KTL) စခန်းမှ မိသားစုများအား ပြန်လည်နေရာချထားသည့် ဧရိယာတွင် အိမ်သာအားလုံးနီးပါးသည် မုန်တိုင်းကြောင့် ကြီးမားစွာပျက်စီးခဲ့ပြီး အသုံးပြု၍ မရတော့ပါ။ အကျိုးဆက်အဖြစ် မိသားစု အများစုမှာ ကြုံသလို အညစ်အကြေးစွန့်နေကြရသည်။ တတ်နိုင်သည့် မိသားစုများက ကိုယ်ပိုင်အိမ်သာများကို ဆောက်လုပ်နေကြပြီး၊ မတတ်နိုင်သူများကမူ ကျောက်တလုံးစခန်းအထိ လမ်းလျှောက်ပြန်၍ အပေါ့အလေးသွားနေကြရသည်။ ဤအခြေအနေသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အထူးသဖြင့် ညအချိန်များတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်စေသည်။ လက်ရှိအာဏာပိုင်များက ပြန်လည်နေရာချထားရေးဧရိယာတွင် ရေကို ထောက်ပံ့ပေးနေသော်လည်း၊ နေရပ်စွန့်ခွာရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်အထိ မလုံလောက်ပါ။ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တလုံး IDP စခန်းတွင် နေထိုင်ကြရသည့် မိသားစုအများစုတို့သည် မိမိတို့၏ ခိုလှုံရာအိမ်များကို ဖျက်သိမ်း၍ ပြန်လည်နေရာချထားရေးဧရိယာသို့ ရွှေ့ပြောင်း ဆောက်လုပ်နေကြသည်။ ပြန်လည်နေရာချထားသည့် နေရာသည် ရေကြီးလေ့ရှိသည်။

- ○ စစ်တွေမြို့နယ်တွင် သဲချောင်းကျေးရွာ IDP စခန်းသို့ ဆက်သွယ်ထားသည့် တံတားနှင့် သက်ကျေပြင်ကျေးရွာတွင် ဆေးရုံသို့ ဆက်သွယ်ထားသည့် တံတားများမှာ လုံးဝပျက်စီးနေပြီး၊ IDPs များအတွက် ဈေးသွားရန်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ရယူရန် အဓိကအခက်အခဲများဖြစ်နေသည်။
- ○ စစ်တွေမြို့နယ်တွင် အုန်းရေပေါ်ကျေးရွာရှိ နေရပ်စွန့်ခွာနေရာတစ်နေရာ၏ ခေါင်းဆောင်က မုန်တိုင်းတိုက်ခတ်စဉ် ကတည်းက ဘုန်းကြီးကျောင်းတွင် လာရောက်ခိုလှုံနေခဲ့သည့် IDPs အသစ်များအား နေရာနှင့် ပစ္စည်းများ မလုံလောက်ခြင်းကြောင့် ဘုန်းကြီးကျောင်းမှ ထွက်ခွာသွားရန် ပြောဆိုမှုများရှိခဲ့ကြောင်း အစီရင်ခံထားသည်။ မိသားစု ၁၆ စုခန့်သည် မုန်တိုင်းကြောင့် ပျက်စီးသွားသော မိမိတို့၏ ခိုလှုံရာအိမ်များကို ပြန်လည်တည်ဆောက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသည်။
- ○ မိုးရွာသွန်းမှုမှ ယာယီကာကွယ်ပေးရန်နှင့် ဘေးကင်းလုံခြုံရေးအတွက် တာပေါ်လင်စများကို အရေးတကြီးလိုအပ်နေကြသည်။
- ○ ရခိုင်ပြည်နယ် IDP စခန်းအားလုံး၌ ကလေးသူငယ်များ ရေနစ်ခြင်းမှ ကြိုတင်ကာကွယ်ရန် ရေကန်များအား ခြံစည်းရိုးပြန် ခတ်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်သည်။

- အနောက်မြောက်ပိုင်းဒေသတွင် -
  - ○ မကွေးတိုင်းဒေသကြီး၌ ခရီးသွားလာကန့်သတ်ချက်များကို တင်းကျပ်ထားခြင်းကြောင့် ဆော၊ ပေါက်နှင့် ပခုက္ကူမြို့နယ်များ တွင် အရပ်သားများသည် လွတ်လပ်စွာသွားလာခွင့် လျော့နည်းလာနေသည်။ ယခုအခါတွင် စစ်ဆေးရေးဂိတ်များသည် ဖြတ်သန်းသွားလာနေသော လူများနှင့် သုံးဘီးဆိုင်ကယ်များကို ပိုမိုတင်းကျပ်စွာ စစ်ဆေး နေကြသည်။
  - ○ ဘေးဒဏ်သင့်ပြည်သူအချို့သည် အကူအညီများကို အကန့်အသတ်ဖြင့်သာ ရရှိခြင်း၊ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း နိုင်စွမ်း မရှိခြင်း၊ မသေချာမှုများ ရှိနေခြင်းနှင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်နေခြင်းတို့နှင့် ဆက်စပ်လျက် စိုးရိမ်မှုများကို အရင်းခံသည့် စိတ်သောကများ၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် လုံးပန်းနေကြရ ခြင်းကြောင့် မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ပို၍ ခက်ခဲရှုပ်ထွေးစေသည်။
  - ○ ပခုက္ကူမြို့လယ်တွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် လုယက်မှုများကြောင့် ဝင်ငွေလျော့နည်းလာခြင်း၊ ဆင်းရဲနွမ်းပါးမှု ပိုများလာခြင်းတို့နှင့်အတူ အရပ်သားများ၏ နေ့စဉ်ရှင်သန်ရပ်တည်မှုမှာ ပို၍ခက်ခဲကြောင်းနှင့် ဆင်းရဲဒုက္ခများ ကြုံတွေ့ လာသည်နှင့်အမျှ အန္တရာယ်ရှိသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို အားကိုးအားထားပြုနေကြကြောင်း ညွှန်ပြနေ ပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

- ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများသည် ၎င်းတို့၏ ခက်ခဲနေသော အခြေအနေများအောက်တွင် ဆက်လက် ရှင်သန် နိုင်ရန်အတွက် အနုတ်လက္ခဏာဆောင်သော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို နောက်ဆုံးအားကိုးအားထားပြုကြရသောကြောင့် လာမည့် ရက်သတ္တပတ်များတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ ပိုများလာမည်ဟု မျှော်မှန်းထားသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အရေးကြီးလိုအပ်ချက်များကို ဖြေရှင်းရန်အတွက် ဝင်ရောက်ကူညီခွင့်နှင့် ရန်ပုံငွေ အကူအညီများကို ချက်ချင်းလိုအပ်နေပါသည်။
- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသနှစ်ခုလုံးရှိ မိတ်ဖက်အဖွဲ့များသည် ဇွန်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း အောက်ပါ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြထားပါသည် -
  - ○ အပျက်အစီးပုံများနှင့် ရေထဲတွင် ဆော့ကစားသည့် ကလေးသူငယ်များအတွက် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များ၊ ထိခိုက် ဒဏ်ရာများနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အသိအမြင်တိုးပွားရေးသတင်းစကားများ ဖြန့်ဝေပေးရန် လိုအပ်သည်။
  - ○ ကလေးသူငယ်များ ဘေးကင်းစွာ ဆော့ကစားနိုင်မည့် နေရာရှိစေရေးအတွက် ဘေးဒဏ်သင့်ရပ်ရွာများတွင် ကလေးသူငယ် အကျိုးပြုနေရာများ (CFSs) ဆက်လက်လိုအပ်နေဆဲဖြစ်သည်။
  - ○ WASH အဆောက်အဦများနှင့် အမိုးအကာများ မလုံလောက်ခြင်းကြောင့် ကလေးသူငယ်များအတွက် GBV အန္တရာယ် ဖြစ်နိုင်ခြေများအပါအဝင် ဘေးကင်းလုံခြုံရေးဆိုင်ရာ ပြဿနာများရှိနေကြောင်း တင်ပြထားသည်။ မုန်တိုင်းအလွန်ကာလများတွင် မိသားစု၏ အဓိကဝင်ငွေရှာသူများအတွက် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ မရှိခြင်း၊ အခြေခံပစ္စည်းများကို အစားထိုးရန်

လိုအပ်ခြင်း၊ ပညာရေးအနှောင့်အယှက်ဖြစ်ခြင်း၊ အပန်းဖြေဆော့ကစားရန် နေရာများ မရှိခြင်း၊ လုံလောက်သော အုပ်ထိန်းကြီးကြပ်မှုမရှိခြင်းနှင့် အဆင်မပြေသည့်အချိန်တွင် မိသားစုဝင်ငွေအတွက် ကူညီပေးရန် ဖိအားများ ရှိခြင်းတို့ကြောင့် ကလေးလုပ်သားများ တိုးလာကြောင်းကို ရပ်ရွာစေတနာ့ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့များနှင့် ဝန်ထမ်းများက တွေ့ရှိထားသည်။

- ဆယ်ကျော်သက်ရွယ်များသည် နေအိမ်အမိုးအကာ ပြန်လည်တည်ဆောက်ရာတွင် ကူညီရန် တာဝန်ရှိနေခြင်းကြောင့် အပန်းဖြေရေး လှုပ်ရှားမှုများတွင် ဆက်လက်မပါဝင်နိုင်တော့ကြောင်း တင်ပြမှုများ ရှိနေသည့်အတွက် ဆယ်ကျော်သက်ရွယ်များအတွက် သီးသန့်အစီအစဉ်များ အရေးတကြီး လိုအပ်နေပါသည်။
- ကလေးသူငယ်များအတွက် အဝတ်အစားများအပါအဝင် အခြေခံပစ္စည်းများကို ထောက်ပံ့ပေးနိုင်ရန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပစ္စည်းများကိုလည်း ဆက်လက်လိုအပ်နေဆဲဖြစ်သည်။
- ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအကြားတွင် စိတ္တလူမှုပိုင်းဆိုင်ရာ ဖိစီးမှုများကို တွေ့ရှိရကြောင်း မိတ်ဖက်များက လေ့လာတွေ့ရှိထားသည်။
- အိမ်တွင်းနှင့် ရပ်ရွာတွင်း အကြမ်းဖက်မှုများအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့်၊ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအကြားတွင် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ ဖိစီးမှုများ ရှိနေကြောင်းကို ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသနှစ်ခုလုံးတွင် အစီရင်ခံမှုများ ရှိသည်။ အန္တရာယ်ဖြစ်နိုင်ခြေများကို အနိမ့်ဆုံးသို့ လျှော့ချနိုင်ရန်အတွက် ပြုစုစောင့်ရှောက်သူများအား အကူအညီပေးခြင်းနှင့်အတူ၊ ကလေးသူငယ်များကို ကူညီရန်အတွက် ရောဂါရှာဖွေဖော်ထုတ်ကုသရေးလုပ်ငန်းစဉ်များ ကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေသည်။

ကျားမအခြေပြုအကြမ်းဖက်မှု (GBV)

ရခိုင်ပြည်နယ်တွင် -

- အထူးသဖြင့် GBV မှ ရှင်သန်ကျန်ရစ်သူများပါဝင်သည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များသည် လုံလောက်မှုမရှိပါ။ အမျိုးသမီးများနှင့် မိန်းကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးရန် ယာယီခိုလှုံရာနေရာများနှင့် ဘေးကင်းလုံခြုံသောနေရာများကို လိုအပ်နေသည်။ GBV ဆိုင်ရာ ဝန်ဆောင်မှုစင်တာများသည်လည်း မုန်တိုင်းတိုက်ခတ်စဉ်အတွင်း ထိခိုက်ပျက်စီးခဲ့ရပြီး၊ မိတ်ဖက်အဖွဲ့များသည် ယာယီတာပေါ်လင်တဲများဖြင့် ဝန်ဆောင်မှုများကို ပြန်လည်ပေးအပ်နေကြသည်။ မြောက်ဦး၊ ကျောက်တော်နှင့် ပေါက်တောမြို့နယ်များတွင် အနည်းဆုံးစင်တာ ၁၂ ခု ထိခိုက်မှုပျက်စီးမှုရှိခဲ့ပြီး၊ အစီရင်ခံမှု မပြည့်စုံခြင်းကြောင့် ဤအရေအတွက်မှာ ပိုမိုများပြားဖွယ်ရှိသည်။
- ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်သင့်မြို့နယ်များတွင်၊ အထူးသဖြင့် IDP များအပါအဝင် ထိခိုက်အလွယ်ဆုံးသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရေသုံးကျန်းမာရေးပစ္စည်း (dignity kits) များ လိုအပ်နေသည်။
- ရခိုင်ပြည်နယ်တွင် မီးအလင်းရောင် မလုံလောက်ခြင်းနှင့် အိမ်သာများကို သီးခြားနေရာများတွင် ထားရှိခြင်းတို့အပါအဝင် အိမ်သာ/သန့်ရှင်းရေးနေရာများနှင့် သောက်သုံးရေ လုံလောက်စွာ မရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်ခံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေများ တိုးပွားလာစေသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

အထွေထွေကာကွယ်စောင့်ရှောက်ရေး

- ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ် ပညာပေးခြင်း (EORE) လုပ်ငန်းများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ဆက်လက်ပြုလုပ်နေသည်။ မိတ်ဖက်အဖွဲ့များသည် အသေးစိတ်ပြင်ဆင်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများကို ရပ်ရွာလူထုအား တိုက်ရိုက်ရှင်းပြခြင်း၊ ပိုစတာများနှင့် အခြားစာစောင်များဖြင့် ဖြန့်ဝေခြင်း၊ လူမှုမီဒီယာတွင် လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ဒေသတွင်း ရေဒီယိုလိုင်းများမှတစ်ဆင့် ဖြန့်ဝေပေးနေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် အဓိကဦးစားပေးအစုအဖွဲ့များဖြစ်ကြသည့် WASH၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ အမိုးအကာ/NFI နှင့် ပညာရေးအစုအဖွဲ့များသည် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ

စည်းမျဉ်းများကို ပေါင်းစပ်ထည့်သွင်းရေးနှင့် ဘေးဒဏ်သင့်ပြည်သူများက အကူအညီများကို ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိသော နည်းလမ်းများဖြင့် အဓိပ္ပါယ်ပြည့်ဝစွာ ရယူနိုင်ရေးအတွက် သတင်းစကားများ ဖြန့်ဝေခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများကို လက်ခံရရှိခဲ့ကြသည်။

- မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့မှ အိမ်ထောင်စု ၃၇၅ စု (လူဦးရေ ၁၇၁၇ ဦး) နှင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်မှ အိမ်ထောင်စု ၃၇၅ စု (လူဦးရေ ၁၇၄၈ ဦး)သို့ (၇)ရက်စာ စားနပ်ရိက္ခာများ၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ (dignity kits) အတွက် ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုများကို စတင် ဖြန့်ဝေရန် စီစဉ်နေသည်။
- ဇွန်လ ၂ ရက်နေ့တွင် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများကို အထူးပြုပေးအပ်နေသည့် အဖွဲ့တစ်ဖွဲ့က မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်သူများအား "ဖရိုဖရဲအနေအထားတွင် တည်ငြိမ်မှုကို ရှာဖွေခြင်း (Finding Calm Amidst Chaos)" ခေါင်းစဉ်ဖြင့် သင်တန်းတစ်ခုကို ထောက်ပံ့ပေးခဲ့သည်။
- ကာကွယ်စောင့်ရှောက်မှုပေးရေးအစုအဖွဲ့သည် မုန်တိုင်းအလွန်ကာလများတွင် ပေါ်ပေါက်လာနေသည့် စိုးရိမ်မှုများကို ပိုမိုနားလည်နိုင်ရန် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လေ့လာဆန်းစစ်မှုတစ်ခုကိုလည်း ပြုလုပ်နေသည်။ ဤလေ့လာ ဆန်းစစ်မှုသည် ဦးစားပေး လုပ်ငန်းသတ်မှတ်ခြင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် ရန်ပုံငွေရှာဖွေခြင်းတို့အတွက် အထောက်အကူပြုနိုင်ပါမည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (ကိန်းဂဏန်းများအတွက် အစီရင်ခံမှု မပြည့်စုံနိုင်ကြောင်း သတိပြုပါ)

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမိတ်ဖက်အဖွဲ့များသည် ရန်ပုံငွေနှင့် ဝင်ရောက်ကူညီခွင့်ကဲ့သို့သော အခက်အခဲများ ရှိနေသည့်ကြားမှပင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို လျှော့ချနိုင်ရန် ကလေးသူငယ်များသို့ ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်နေသည်။
- ဘေးဒဏ်သင့်လူထုများသို့ သတင်းအချက်အလက်မျှဝေရေးနှင့် အသိအမြင်တိုးပွားရေး သတင်းစကားများကို ဖြန့်ဝေပေးမှုမှာ ယနေ့ အထိ အနောက်မြောက်ပိုင်းဒေသတွင် လူဦးရေ ၁၃၇၄၆ ဦးနှင့် ရခိုင်ပြည်နယ်တွင် လူဦးရေ ၁၄၈၈၀ ဦးသို့ ဖြန့်ကြက်ရောက်ရှိပြီး ဖြစ်သည်။
- ကလေးသူငယ်များက အပန်းဖြေရေးလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရေးနှင့် စိတ္တလူမှုဆိုင်ရာ အကူအညီများကို ရယူနိုင်ရေး အတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်များကို ပံ့ပိုးပေးနေရာတွင် ယာယီနှင့် ရွေ့လျား ကလေးသူငယ်အကျိုးပြုဌာန (CFSs) ၂၄၀ ခုအား အနောက်မြောက်ပိုင်းဒေသ (၈၅ ခု) နှင့် ရခိုင်ပြည်နယ် (၁၅၅ ခု) တို့တွင် အသစ်တည်ထောင်ခြင်း သို့မဟုတ် ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ထားပြီးဖြစ်သည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမိတ်ဖက်အဖွဲ့များသည် ပစ္စည်းဝယ်ယူရေးဆိုင်ရာ အခက်အခဲများ ရှိနေသည့်ကြားမှပင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပစ္စည်းများကို ဖြန့်ဝေပေးနေပါသည်။ အနောက်မြောက်ပိုင်းဒေသတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပစ္စည်း ၁၁၃ စုံကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ၈၅၃ စုံကိုလည်းကောင်း ဖြန့်ဝေပေးထားပြီးဖြစ်သည်။
- မုန်တိုင်းအလွန်ကာလများတွင် ကလေးသူငယ်များအတွက် ဦးစားပေးတုံ့ပြန်လုပ်ငန်းတစ်ခုဖြစ်သည့် ရောဂါရှာဖွေ ဖော်ထုတ်ကုသရေး လုပ်ငန်းများကိုလည်း လွှဲပြောင်းပေးသည့် ကိစ္စတစ်ခုချင်းအတွက် နောက်ဆက်တွဲလုပ်ငန်းများနှင့်အတူ ဆောင်ရွက်နေပါသည်။ အနောက်မြောက်ပိုင်းဒေသမှ ကလေးသူငယ် ၅၉၉ ဦးနှင့် ရခိုင်ပြည်နယ်မှ ကလေးသူငယ် ၃၈၁ ဦးတို့ကို ရောဂါရှာဖွေ ဖော်ထုတ်ကုသရေးဆောင်ရွက်ရန် သတ်မှတ်ထားပြီး၊ ကုသရေးလုပ်ငန်းများကို ဆက်လက် စောင့်ကြည့်မည်ဖြစ်ပါသည်။
- ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအတွက် အကူအညီပေးရေးဌာနများ (help desk) တွင် မိသားစုလျင်မြန်စွာ ပြန်လည်ပေါင်းစည်းရေးအကူအညီများနှင့် အခြားသတင်းအချက်အလက်များကို ထောက်ပံ့ပေးနေသည်။ ယနေ့အချိန်အထိ အကူအညီပေးရေးဌာနများကို အနောက်မြောက်ပိုင်းဒေသတွင် ၇၆ ခုနှင့် ရခိုင်ပြည်နယ်တွင် ၉၄ ခု တည်ထောင်ထားပြီးဖြစ်သည်။

ကျားမအခြေပြုအကြမ်းဖက်မှု (GBV)

- ရခိုင်ပြည်နယ်
  - ရခိုင်ပြည်နယ်တွင် ရည်မှန်းထားသော ဒေသအားလုံး၌ ရွေ့လျားအဖွဲ့များနှင့် အထိုင်ချစင်တာများမှတစ်ဆင့် GBV ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည်။ GBV နှင့် MHPSS ဝန်ဆောင်မှုများအတွက် ရွေ့လျားအဖွဲ့သစ် ၃ ဖွဲ့ကို ထပ်မံစီစဉ်ထားပြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေသည်။

    - စစ်တွေ၊ ပေါက်တော၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များတွင် တကိုယ်ရေသုံး ကျန်းမာရေးပစ္စည်း (dignity kits) ၁၅၀၀ စုံကို ဖြန့်ဝေပေးခဲ့ပြီး၊ နောက်ထပ် ၁၅၀၀ စုံကို ပေးအပ်ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်သည်။
    - မိတ်ဖက်အဖွဲ့များသည် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင် GBV ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားများ ချိတ်ဆက်ပါဝင်သည့် အစပျိုးလုပ်ငန်းများ၊ ရပ်ရွာလူထုအတွင်းစကားဝိုင်းများ၊ အိမ်တိုင်ရာရောက် တွေ့ဆုံဆွေးနွေးပေးမှုများမှတစ်ဆင့် ပံ့ပိုးကူညီပေးခဲ့သည်။ ဘေးဒဏ်သင့်ပြည်သူများအကြားတွင် GBV နှင့် PSEA ဆိုင်ရာ သတင်းစကားများကိုလည်း ဖြန့်ဝေပေးခဲ့သည်။
    - ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်အခံရဆုံး မြို့နယ် ၈ ခုတွင် GBV ဖြစ်ရပ်စီမံခန့်ခွဲရေးဝန်ဆောင်မှုများပေးနိုင်ရေးအတွက် GBV ဝန်ဆောင်မှုဌာန (GBV service delivery points) စုစုပေါင်း ၂၄ ခုတွင် လုပ်ငန်းလည်ပတ်ပေးနေပြီး၊ ၂၄ နာရီခေါ်ဆိုနိုင် သည့် အရေးပေါ်/အကူအညီ ဖုန်းလိုင်း ၃ ခုကိုလည်း လည်ပတ်ဆောင်ရွက်နေသည်။
- အနောက်မြောက်ပိုင်းဒေသ
    - ပလက်ဝမြို့နယ်မှ ကိုယ်ဝန်ဆောင် ၄၁ ဦးနှင့် ဆမီးမြို့နယ်မှ ကိုယ်ဝန်ဆောင် ၂၁ ဦး၊ စုစုပေါင်း ကိုယ်ဝန်ဆောင်အမျိုးသမီး ၆၂ ဦးသို့ ငွေကြေးနှင့် သန့်ရှင်းသော မီးဖွားပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။
    - မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် ချင်းပြည်နယ်၊ တီးတိန်၊ ဟားခါးနှင့် ကန်ပက်လက်မြို့နယ်များတွင် တကိုယ်ရေသုံး ကျန်းမာရေးပစ္စည်း (dignity kits) ၄၈၀ စုံကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။
    - မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် ဖလမ်း၊ ဟားခါးနှင့် မတူပီမြို့နယ်များတွင် GBV ဖြစ်ရပ်စီမံခန့်ခွဲရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အကူအညီ (PSS) များကို ထောက်ပံ့ပေးနေသည်။
    - အနောက်မြောက်ပိုင်းဒေသရှိ မြို့နယ်အချို့တွင်လည်း ပါဝင်ဆောင်ရွက်သူများစွာတို့က ရွေ့လျား PSS ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေကြသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဘေးဒဏ်သင့်နေရာများသို့ ဝင်ရောက်ကူညီနိုင်ခွင့်ရရှိရေးသည် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသမှ အချို့နေရာများတွင် ဆက်လက်တည်ရှိနေသော အခက်အခဲတစ်ခုဖြစ်နေသည်။ အနောက်မြောက်ပိုင်းဒေသတွင် များပြားလှသော အကန့်အသတ်များ၊ စာရွက်စာတမ်းတောင်းခံမှုများ၊ စစ်ဆေးရေးဂိတ်များတွင် စိစစ်မှုများနှင့် သွားလာရေးပြဿနာများသည် ဆက်သွယ်ရေး ပြတ်တောက်မှုများ၊ လမ်းပိတ်ဆို့မှုများနှင့်အတူ အဓိကအခက်အခဲများ ဖြစ်နေကြသည်။ ထို့အပြင် ထန်တလန်နှင့် ဟားခါးမြို့နယ်များ၌ တိုက်ပွဲများ ဖြစ်ပွားနေခြင်းကလည်း IDP များ ရင်ဆိုင်နေရသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများကို ပိုဆိုးစေသည်။ ဝင်ရောက် ကူညီခွင့် မရှိခြင်းကြောင့် တကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ (dinity kits) ဖြန့်ဝေပေးမှုကို မဖြစ်မနေ ရပ်ဆိုင်းထား ရသည်။
- အထူးသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးနယ်ပယ်တွင် ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာပြဿနာများနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းပေးရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ပညာရှင်အရေအတွက် လုံလောက်စွာမရှိပါ။
- ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုပေးရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် လူ့စွမ်းအားရင်းမြစ်နှစ်မျိုးလုံးကို အရေးတကြီး လိုအပ်နေသည်။ မိတ်ဖက်အဖွဲ့အစည်းအနည်းငယ်ကသာ တုံ့ပြန်ရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေပြီး၊ ဝင်ရောက်ကူညီခွင့်ဆိုင်ရာ အခက်အခဲများရှိနေခြင်းကလည်း တုံ့ပြန်ရေးလုပ်ငန်းများကို ထပ်မံနှောင့်နှေးစေသည်။ ရန်ပုံငွေ မလုံလောက်မှုသည် ဘေးဒဏ်သင့်ပြည်သူများသို့ ပြည့်စုံသော တုံ့ပြန်ရေးလုပ်ငန်းများဖြင့် ထောက်ပံ့ပေးနိုင်ရေးကို ဟန့်တားနေသည်။
- လတ်တလောလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ထောက်ပံ့ပေးရန် အရေးပေါ် ရန်ပုံငွေ မရှိပါ။

## အမိုးအကာ၊ စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ၊ စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့်စခန်းစီမံခန့်ခွဲရေး

**လိုအပ်ချက်များ**

- ကွင်းဆင်းလေ့လာမှုများအရ မုန်တိုင်းကြောင့် ထိခိုက်ခံစားရသည့်ဒေသများတွင် နေအိမ် အနည်းဆုံး ၁၉၅၀၀၀ လုံး ထိခိုက်မှုရှိခဲ့ပြီး၊ လူဦးရေ ၈၄၉၀၀၀ ဦးအပေါ် သက်ရောက်မှုရှိခဲ့သည်။ အများစုမှာ ရခိုင်ပြည်နယ်တွင်ဖြစ်ပြီး နေအိမ် ၁၉၁၀၀၀ လုံး ထိခိုက်ခဲ့ကာ လူဦးရေ ၇၇၉၀၀၀ ဦးအပေါ်သက်ရောက်ခဲ့သည်။

- ပစ္စည်းများ နည်းပါးကုန်ခမ်းလာခြင်းနှင့် ဒေသတွင်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ဝယ်လိုအား မြင့်မားလျက်ရှိသော ခိုလှုံရာပစ္စည်းများကို ရခိုင်ပြည်နယ်သို့ သယ်ယူပို့ဆောင်ပေးနိုင်ရေးမှာ ဦးစားပေးလုပ်ငန်းအဖြစ် ဆက်ရှိနေဆဲဖြစ်သည်။ မိုးရွာသွန်းမှုနှင့် ဘေးကင်းလုံခြုံရေးအတွက် ယာယီကာကွယ်ပေးရန် တာပေါ်လင်စများကို အရေးတကြီးလိုအပ်နေပါသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- အစုအဖွဲ့၏ မိတ်ဖက်အဖွဲ့များသည် လူဦးရေ ၁၁၃၂၇၅ ဦးသို့ ခိုလှုံရာအတွက်ပစ္စည်းများ၊ NFI ပစ္စည်းများနှင့် စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (CCCM) အကူအညီများကို အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့သည် -

    - ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့များသည် ဘေးဒဏ်သင့် အိမ်ထောင်စုပေါင်း ၂၂၆၅၅ ကျော်သို့ ခိုလှုံရာအတွက် ပစ္စည်းများ၊ NFI အကူအညီများ၊ နေရာ/စခန်း ပြုပြင်ထိန်းသိမ်းရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် နောက်ထပ် အိမ်ထောင်စုပေါင်း ၂၃၅၆၈ စုသို့ ခိုလှုံရာနှင့် NFI အကူအညီများကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။ IDP စခန်းများရှိ အိမ်တန်းရှည် အမိုးအကာများ၏အခြေအနေအား ဘက်စုံအကဲဖြတ်ခြင်းလုပ်ငန်းကိုလည်း စတင်ဆောင်ရွက်နေသည်။
    - အနောက်မြောက်ပိုင်းဒေသတွင် မိတ်ဖက်အဖွဲ့များသည် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဘေးဒဏ်သင့်ဧရိယာများရှိ မိသားစု ၃၂၉၇ စုသို့ NFI ပစ္စည်းများကိုလည်းကောင်း၊ မိသားစု ၂၈၄၀ စုသို့ ဘက်စုံသုံး ငွေကြေးအကူအညီများကိုလည်းကောင်း ထောက်ပံ့ပေးရန် ကြိုတင်စီစဉ်မှုများ ဆောင်ရွက်နေသည်။ အချို့သော မိတ်ဖက်အဖွဲ့များက ပစ္စည်းများထောက်ပံ့ပေးရန် ဝယ်ယူရေးလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်ပြီး၊ သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုချက်များကို စောင့်ဆိုင်းနေဆဲဖြစ်သည်။
    - ကချင်ပြည်နယ်တွင် အစုအဖွဲ့မှ မိတ်ဖက်အဖွဲ့များသည် ခိုလှုံရာနေအိမ် ၄၂၀ လုံးနှင့် စားဖိုဆောင် ၃၇ ခုတို့ကိုလည်းကောင်း၊ စခန်းများရှိ ရပ်ရွာပိုင်အဆောက်အဦများကိုလည်းကောင်း ပြန်လည်ပြုပြင်ရန်နှင့် ပြန်လည်တည်ဆောက်ရန် စီစဉ်နေသည်။

**ကွာဟချက်များနှင့် ကန့်အသတ်များ**

- ဤအစုအဖွဲ့၏ မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများသည် လိုအပ်ချက်ပမာဏများပြားခြင်းနှင့် ရင်းမြစ်များအကန့်အသတ်ဖြင့်သာ ရှိခြင်းကြောင့် ရန်ပုံငွေရရှိမှုမှာ ဆိုးရွားစွာ နည်းပါးနေပါသည်။
- ရခိုင်ပြည်နယ်တွင် ခိုလှုံရာအတွက် ပစ္စည်းများနှင့် NFI ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် အခြားမရှိမဖြစ်လိုအပ်သော ပစ္စည်းများသည် ဈေးများတွင် ပစ္စည်းရရှိမှုနည်းပါးနေပြီဖြစ်သည်။ တာပေါ်လင်စများ၊ အိမ်မိုးသွပ်ပြားများ၊ အိမ်ရိုက်သံများ၏ ဈေးနှုန်းများမှာလည်း ၂၀၀% ကျော်သည်အထိ မြင့်တက်လာသည်။
- အနောက်မြောက်ပိုင်းဒေသတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ တပ်ဖွဲ့များရှိနေခြင်း၊ ဗျူရိုကရေစီစနစ်နှောင့်နှေးမှုများနှင့် ဝင်ရောက်ကူညီခွင့်များကို ဆိုင်းငံ့ထားခြင်းတို့ကြောင့် မိတ်ဖက်အဖွဲ့များက ဘေးဒဏ်သင့်ဒေသများတွင် ဆောင်ရွက်နေသည့် တုံ့ပြန်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသည်။
- ကချင်ပြည်နယ်တွင် ထိခိုက်မှုရှိခဲ့သည့် ခိုလှုံရာနေအိမ် ၁၀၄ လုံးကိုပြန်လည်ပြင်ဆင်ရန် လိုအပ်နေသည်။

## ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး (WASH)

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် မြို့နယ်အချို့၌ မုန်တိုင်းဒီရေကြောင့် ပင်လယ်ဆားငန်ရေဝင်ရောက်ခဲ့သည့် ရေကန် ၁၀၀ ကျော်ကို ရေစုပ်ထုတ်ရန် လိုအပ်နေပါသည်။
- ယနေ့အထိ အနောက်မြောက်ပိုင်းဒေသမှ လူဦးရေ ၄၈၀၀၀ ဦးခန့်သည် ဘေးကင်းသော သောက်ရေ၊ အရေးပေါ်အိမ်သာများနှင့် ကျန်းမာရေးထောက်ပံ့ပစ္စည်းများအပါအဝင် အရေးပေါ် WASH အကူအညီများကို လိုအပ်နေကြသည်။ ဤလူဦးရေတွင် ချင်းပြည်နယ်မှ ၄၀၀၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၄၀၀၀ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၀၀ ဦးတို့ ပါဝင်သည်။

### တုံ့ပြန်ရေးလုပ်ငန်းများ

- ရခိုင်ပြည်နယ်တွင် အစုအဖွဲ့၏မိတ်ဖက်အဖွဲ့များက WASH နှင့် အခြားအရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများကို ရခိုင်နေရပ်စွန့်ခွာနေရာများနှင့် ရိုဟင်ဂျာ IDP စခန်းနှစ်မျိုးလုံးရှိ မုန်တိုင်းဒဏ်သင့် အိမ်ထောင်စုများသို့လည်းကောင်း၊ မြို့နယ်အချို့ရှိ မုန်တိုင်းဒဏ်သင့် အခြား ကျေးရွာများသို့လည်းကောင်း အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့သည် -
    - မြောက်ဦး၊ မြေပုံ၊ ပေါက်တောနှင့် စစ်တွေမြို့နယ်တို့တွင် ကျန်းမာရေးသုံးပစ္စည်း ၅၇၈၀ စုံ၊ ရေစစ် ၂၆၅ ခု၊ jerrycan ပုံး ၃၆၅ ပုံး၊ ရေပုံး ၂၂၆၅ ပုံး၊ အမှိုက်ပုံး ၃၆ ပုံး၊ တာပေါ်လင်စ ၇၀ နှင့် ကြိုး ၂၅၁ ခွေတို့ကို ဖြန့်ဝေပေးခဲ့သည်။
    - စစ်တွေမြို့နယ်ရှိ နေရာ ၁၂၂ ခုတွင် သောက်ရေ ၃၈၉၂၂၀ လီတာကို ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ရေကို လှေနှင့် ကုန်တင်ကားများဖြင့် သယ်ယူပို့ဆောင်ပေးခြင်းဝန်ဆောင်မှုများကိုလည်း ကျောက်တော်မြို့နယ်ရှိ ရခိုင်နေရပ်စွန့်ခွာစခန်း ၈ ခုတွင်လည်းကောင်း၊ စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာနှင့် ရခိုင် နေရပ်စွန့်ခွာနေရာ/စခန်း ၁၇ ခုတွင် လည်းကောင်း၊ ပေါက်တောမြို့နယ်ရှိ ရိုဟင်ဂျာ စခန်း/ကျေးရွာ ၃ ခုတွင်လည်းကောင်း ထောက်ပံ့ပေးခဲ့သည်။
    - ဘူးသီးတောင်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များတွင် ဘေးဒဏ်ခံပြည်သူ ၅၅၀၀၀ ဦးသို့ အရေးပေါ်သောက်ရေ ၃၀ ရက်စာ (လူတစ်ဦး တစ်ရက်လျှင် ၇.၅ လီတာနှုန်းဖြင့်) ထောက်ပံ့ပေးနိုင်ရန် (တစ်ဖါလျှင် ဆေးပြား ၁၆၀၀၀ ပါဝင်သည့်) ရေသန့်ဆေးပြား ၇၆ ဖါကို မိတ်ဖက်အဖွဲ့များသို့ ဖြန့်ဝေပေးခဲ့သည်။
    - စစ်တွေမြို့နယ်ရှိ IDP စခန်း ၂ ခုနှင့် ကျေးရွာ/ရပ်ကွက် ၁၈ ခုတို့တွင် နေရပ်စွန့်ခွာရသူ ၁၆၀၀ ဦးနီးပါးတို့အား တစ်ကိုယ်ရေ ကျန်းမာရေး မြှင့်တင်နိုင်ရန် ဆွေးနွေးပွဲ ၂၈ ကြိမ်ပြုလုပ်ပေးခဲ့သည်။
    - မြို့နယ် ၃ ခုတွင် မုန်တိုင်းဒီရေကြောင့် ပင်လယ်ဆားငန်ရေ ဝင်ရောက်ခဲ့သည့် ရေကန် ၁၀၇ ကန်မှ ရေစုပ်ထုတ်နိုင်ရေးအတွက် WASH မိတ်ဖက်အဖွဲ့များနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့အကြားတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် ချင်းပြည်နယ်၊ ဟားခါးနှင့် မတူပီမြို့နယ်များမှ ဘေးဒဏ်သင့်ပြည်သူ ၁၀၀၀ ဦးသို့ ယခုအပတ်အတွင်း ဖြန့်ဝေပေးရန်အတွက် ကျန်းမာရေးသုံးပစ္စည်းများ (hygiene kits) ဝယ်ယူရေးကို ဆောင်ရွက်နေသည်။

### ကွာဟချက်များနှင့် အကန့်အသတ်များ

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ကုန်ပစ္စည်းအကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ နှောင့်နှေးစေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လုံခြုံမှုမရှိခြင်း၊ တပ်ဖွဲ့များရှိနေခြင်းနှင့် ဝင်ရောက်ကူညီခွင့်မရရှိခြင်းတို့ကြောင့် ကွင်းဆင်းလေ့လာမှုများနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို အကန့်အသတ်ဖြစ်စေသည်။

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ -

**Danielle Parry**, Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)

**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ -

*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar